MYANMAR

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့
ရုံးအမှတ် ( ၃၄ )၊ နေပြည်တော်

ဖုန်း- ၀၆၇ - ၃၁၀၀၄၈၊ ၃၁၀၂၅၄၊ ၃၁၀၅၆၄၊ဖက်(စ်) -၀၆၇- ၃၁၀၁၄၇ အီးမေးလ်- frd34@frdmyanmar.com၊insurance.frd@gmail.com

ညွှန်ကြားလွှာအမှတ် ( ၂ /၂၀၁၇)

၂၀၁၇ ခုနှစ်၊ မတ် လ၊ ၁၅ရက်

အကြောင်းအရာ။ **ပုဂ္ဂလိက အာမခံလုပ်ငန်း ကုမ္ပဏီများတွင် အာမခံလုပ်ငန်းအမျိုးအစားအလိုက် ရန်ပုံငွေထူထောင်ထားရှိရန်နှင့် ရန်ပုံငွေသို့ နှစ်စဉ် လွှဲပြောင်းထည့်သွင်းရမည့် ပမာဏ သတ်မှတ်ခြင်း**

၁။ ၁၉၉၆ ခုနှစ်၊ အာမခံလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေ ပုဒ်မ ၁၃ (စ) ပါ လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ ပုဂ္ဂလိကအာမခံလုပ်ငန်း ကုမ္ပဏီများက **အာမခံလုပ်ငန်းအမျိုးအစားအလိုက် ပင်မ** ရန်ပုံငွေ ထူထောင် ထားရှိရန်နှင့် ထားရှိသည့် **အာမခံအမျိုးအစားအလိုက် အထွေထွေအာမခံ** ရန်ပုံငွေစာရင်းသို့ နှစ်စဉ် လွှဲပြောင်းထည့်သွင်းခြင်းကို အောက်ပါအတိုင်း တိကျစွာ လိုက်နာဆောင်ရွက်ကြရန်နှင့် နှစ်စဉ်ရေးဆွဲရမည့် အရှုံးအမြတ်စာရင်းနှင့် လက်ကျန်ရှင်းတမ်းများတွင် မြန်မာနိုင်ငံစာရင်း**ကောင်စီ သတ်မှတ်စံနှုန်း** များနှင့်အညီ ထည့်သွင်းရေးဆွဲရန် သတ်မှတ်ညွှန်ကြားပါသည်-

(က) အထွေထွေအာမခံလုပ်ငန်းများနှင့် ပတ်သက်၍ **အာမခံအမျိုးအစားအလိုက်** အထွေထွေ အာမခံရန်ပုံငွေသို့ ဘဏ္ဍာရေးနှစ်အတွင်း ရရှိသည့် **ဝင်ငွေခွန်နုတ်ပြီး ပရီမီယံဝင်ငွေ၏ ၃၀ ရာခိုင်နှုန်း** သို့မဟုတ် အသုံးစရိတ်ထက်ပိုငွေ၊ ယင်းပမာဏ နှစ်ရပ်အနက် နည်းရာ ပမာဏကိုလည်း**ကောင်း၊ သက်တမ်းမကုန်ဆုံးသေးသော ပေါ်လစီများအတွက် ပရီမီယံကိုလည်း နုတ်ယူ၍လည်းကောင်း** အောက်ဖော်ပြပါ နမူနာတွက်ချက်နည်း ပုံစံအတိုင်း တွက်ချက်ထည့်ဝင်ရမည်-

**အထွေထွေအာမခံကုမ္ပဏီ**

**၂၀ -၂၀ ဘဏ္ဍာရေးနှစ်အတွက် အရှုံးအမြတ်စာရင်း**

| | |
|---|---|
| အာမခံပရီမီယံ**ဝင်ငွေ စုစုပေါင်း** | ×××××× |
| (Original Gross Premium Income) (OGPI)* | |
| (အနုတ်) သက်တမ်းမကုန်ဆုံးသေးသော ပေါ်လစီများအတွက် | |
| ပရီမီယံ ဝင်ငွေ (Unearned Premium Income) (စုစုပေါင်း | |
| အာမခံပရီမီယံဝင်ငွေ၏ ၃၅% | ×××××× |
| | ×××××× |
| (အနုတ်) ကျသင့် ကုန်သွယ်လုပ်ငန်းခွန် | ×××××× |

| | | |
|---|---|---|
| (အပေါင်း) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းမှ ဝင်ငွေ | ×××××× | |
| စုစုပေါင်း ဝင်ငွေ | | ×××××× |
| (အနုတ်) ပေးလျော်ရသည့် အာမခံလျော်ကြေးများ | ×××××× | |
| အသုံးစရိတ်များ | ×××××× | |
| စုစုပေါင်း အသုံးစရိတ် | | ×××××× |
| အသားတင်အမြတ် ဝင်ငွေ | | ×××××× |
| ကျသင့်ဝင်ငွေခွန်(အသားတင်အမြတ်၏---ရာခိုင်နှုန်း) | | ×××××× |
| ဝင်ငွေခွန်ထမ်းဆောင်ပြီးဝင်ငွေ | | ×××××× |
| (အနုတ်) အထွေထွေအာမခံ ရန်ပုံငွေ (၃၀%) | | ×××××× |
| ကျန်ဝင်ငွေ | | ×××××× |
| အထွေထွေ သီးသန့် ရန်ပုံငွေ (ကျန်ဝင်ငွေ၏ ၁၀ ရာခိုင်နှုန်း) | | ×××××× |
| ကုမ္ပဏီ၏ ရင်းနှီးမြှုပ်နှံမှု (ကျန်ဝင်ငွေ၏ --- ရာခိုင်နှုန်း) | ကုမ္ပဏီ အစီအစဉ် ဖြင့် သတ်မှတ်ရန် | ×××××× |
| အစုရှယ်ယာရှင်များသို့ခွဲဝေပေးမှု (ကျန်ဝင်ငွေ၏ --- ရာခိုင်နှုန်း) | | ×××××× |
| | | Nil |

***နောင်နှစ် OGPI မှလည်း ၃၅% ကို Unearned Premium အဖြစ် နုတ်ဖြတ်ရမည်ဖြစ်ပြီး ကျန်ပရီမီယံနှင့် ယခုနှစ် နုတ်ဖြတ်ထားသော Unearned Premium ကို ပေါင်းရမည် ဖြစ်ပါသည်။**

(ခ) အသက်အာမခံများနှင့်ပတ်သက်၍ အသက်အာမခံ ရန်ပုံငွေသို့ ဘဏ္ဍာရေးနှစ်အတွင်း ရရှိသည့် အသားတင်အမြတ်မှ ပရီမီယံဝင်ငွေအားလုံး သို့မဟုတ် အသုံးစရိတ်ထက်ပိုငွေ၊ ယင်းပမာဏနှစ်ရပ်အနက် နည်းရာပမာဏကို အောက်ဖော်ပြပါ နမူနာတွက်ချက်နည်းပုံစံအတိုင်း တွက်ချက်ထည့်ဝင်ရမည်-

**အသက်အာမခံကုမ္ပဏီ**

**၂၀ -၂၀ ဘဏ္ဍာရေးနှစ်အတွက် အရှုံးအမြတ်စာရင်း**

| | | | |
|---|---|---|---|
| အာမခံပရီမီယံမှ ဝင်ငွေ | | ×××××× | |
| ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းမှ ဝင်ငွေ | | ×××××× | |
| စုစုပေါင်း ဝင်ငွေ | | | ×××××× |
| (အနုတ်) ပေးလျော်ရသည့် အာမခံလျော်ကြေး | ×××××× | | |
| (အနုတ်) အသုံးစရိတ်များ | ×××××× | | |
| (အနုတ်) အသုံးစရိတ်စုစုပေါင်း | | | ×××××× |

| | |
|---|---|
| ကျသင့်ဝင်ငွေခွန် (အသားတင်အမြတ်၏ ---ရာခိုင်နှုန်း) | ×××××× |
| ဝင်ငွေခွန်ထမ်းဆောင်ပြီးဝင်ငွေ | ×××××× |
| (အနုတ်) အသက်အာမခံ ရန်ပုံငွေ (ဝင်ငွေခွန်ထမ်းဆောင်ပြီးဝင်ငွေအားလုံး) | ×××××× |
| သင်္ချာနည်းဖြင့် တန်ဖိုးဖြတ် အမြတ်ရရှိပါက | |
| အထွေထွေ သီးသန့်ရန်ပုံငွေ (ကျန်ဝင်ငွေ၏ ၁၀ ရာခိုင်နှုန်း) | ×××××× |
| ပေါ်လစီရှင်များ ကာကွယ်ရေးရန်ပုံငွေ (ကျန်ဝင်ငွေ၏ ၃၀ ရာခိုင်နှုန်း) | ×××××× |
| ကုမ္ပဏီ၏ ရင်းနှီးမြှုပ်နှံမှု (ကျန်ဝင်ငွေ၏ ---- ရာခိုင်နှုန်း) } ကုမ္ပဏီ အစီအစဉ်ဖြင့် သတ်မှတ်ရန် | ×××××× |
| အစုရှယ်ယာရှင်များသို့ ခွဲဝေပေးမှု (ကျန်ဝင်ငွေ၏ --- ရာခိုင်နှုန်း) } | ×××××× |

၂။ ယခင်ညွှန်ကြားလွှာအမှတ် ၂/၂၀၁၄ ကို ဤညွှန်ကြားလွှာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

၃။ တည်ဆဲ ဝင်ငွေခွန်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

(မောင်မောင်ဝင်း)

ဥက္ကဋ္ဌ

**ဖြန့်ဝေခြင်း**

အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ဝင်များအားလုံး

ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့အာမခံလုပ်ငန်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

ပုဂ္ဂလိက အာမခံလုပ်ငန်းကုမ္ပဏီများအားလုံး

မိတ္တူကို-

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး (ဘဏ္ဍာရေး)

ရုံးလက်ခံ